

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
# ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
# (၂၈-၃-၂၀၂၅) ရက်နေ့ မန္တလေးငလျင် တုံ့ပြန်မှုအခြေအနေ


## ငလျင်လှုပ်ခတ်ခဲ့မှုအခြေအနေပြမြေပုံ (ဧပြီလ ၁၂ ရက်နေ့အထိ)



- ဧပြီ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့်ထိခိုက်နစ်နာဆုံးရှုံးခဲ့ရသည့် ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေတနာရှင်၊ အလှူရှင်များ၏ အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၊ အလှူငွေ စုစုပေါင်းကျပ် ၁၁၂ ဒသမ ၈၇၃ ဘီလီယံကျော် လက်ခံရရှိ၊
- မတ်လ ၂၉ ရက်နေ့နှင့် ဧပြီ ၂ ရက်နေ့များတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အရေးပေါ်အစည်းအဝေး ကျင်းပ၍ လိုအပ်သည့် ညှိနှိုင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိ၊
- မတ်လ ၂၉ ရက်နေ့တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC) ကို ရုံးအမှတ်(၂၃)ကားရပ်နားကွင်း၌ ဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိ၊
- ရှာဖွေကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများမှ လာရောက် ကူညီ ဆောင်ရွက်လျက်ရှိ၊
- လမ်းတံတား၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍ အစရှိသည့် အခြေခံ အဆောက်အအုံ ပြုပြင်မှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိ၊
- AHA Centre မှ ICLT အဖွဲ့နှင့် ASEAN-ERAT အဖွဲ့ဝင်(၂၁)ဦးဖြင့် နေပြည်တော်၊ မန္တလေးနှင့် စစ်ကိုင်းဒေသများ၌ အချက်အလက် ကောက်ယူခြင်းနှင့် Emergency Telecommunication Network အသုံးပြုနိုင်ရေး စက်ပစ္စည်းနှင့် နည်းပညာ ပံ့ပိုး ဆောင်ရွက်ခဲ့။
- ငလျင်ဘေးဖြစ်ပွားပြီးနောက် ဘေးတုံ့ပြန်မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို Situation Update ပြုစု၍ ၂ ရက်လျှင် တစ်ကြိမ် www.ahacentre.org ၌ ထုတ်ပြန်ခဲ့ရာ (၈)စောင် ထုတ်ပြန်ခဲ့ပြီး ဖြစ်။

## အင်အားအလွန်ပြင်းထန်သည့် (၇.၇)အဆင့်ရှိ မန္တလေးငလျင်၏ လှုပ်ခတ်မှု ခံစားရသည့် ဧရိယာပြပုံ




## KEY FIGURES

- ၃,၆၄၈ သေဆုံး
- ၁၃၄ ပျောက်ဆုံး
- ၄,၈၁၇ ဒဏ်ရာရ
- ၅၁,၃၈၄ နေအိမ်ပျက်စီး
- ၅,၀၃၃ ရုံး/ဌာန အဆောက်အအုံ
- ၂,၆၂၇ စာသင်ကျောင်း
- ၄,၄၅၂ ဘာသာရေး အဆောက်အအုံ

**ကျန်းမာရေးစောင့်ရှောက်မှု**

ငလျင်ဘေးသင့်ဒေသများသို့ အခြားဒေသများမှ လာရောက်သည့် ဆေးအဖွဲ့ဝင်များ-

ပြည်တွင်း - ၃၅၃ ဦး

ပြည်ပနိုင်ငံ -၁၃ နိုင်ငံမှ ၇၀၉ ဦး

Rapid Response Team - ၁၁၇ ဦး

**ကာကွယ်ဆေးတိုက်ကျွေးခြင်း**

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောကာကွယ်ဆေး - ၉,၀၄၉ ဦး

မေးခိုင်ရောဂါကာကွယ်ဆေး - ၂၃,၇၄၆ ဦး

**ရှာ/ကယ်အင်အား**

ပြည်တွင်း - ၂၇၅၁ ဦး

ပြည်ပနိုင်ငံ(၁၄)နိုင်ငံမှ ၁၀၇၀ ဦး

- ၆၅၃ အသက်ရှင် ကယ်နိုင်သူ
- ၁၃၄ ကယ်ဆယ်ရေးစခန်း
- ၇၇၂ လမ်း/ တံတား ပျက်စီး

ငလျင်ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင် အလှူရှင်များက KBZ Pay, AYA Pay, CB Pay, OK$, Wave Pay, MMQR တို့ဖြင့် အလှူငွေ ထည့်ဝင်လှူဒါန်းနိုင်၊ https://ddm.gov.mm/

SCAN ME